# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ပဥ္စမနေ့ အစီအစဉ်

# [၂-၇-၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **အမြန်လမ်းဘေး မြို့ရှောင်းကျေးရွာနှင့် ဆက်သွယ်ထားသော လမ်းပေါ်ရှိ ကင်းရွာသို့ ဆက်သွယ်သော သဒ္ဒေးကုန်း-ကင်းရွာလမ်းအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ **နယ်စပ်ဒေသ မြို့နယ်များရှိ ရှေ့တန်း တပ်စခန်းများအား အမာခံအဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းဆောင်ဆီ၊ ကျောက်မဲ မဲဆန္ဒနယ်(ကိုယ်စား)ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **ပြည်သူ့စစ်အဖွဲ့ မည်မျှရှိ၍ ဖွဲ့စည်းသည့် အခြေခံရမည့်မူ ရှိပါသလား၊ ပြည်သူ့စစ် အဖွဲ့ဝင်အား အမှုဖွင့်လျှင် ရဲစခန်းမှ အရေးယူနိုင်ရန် စစ်တပ်၏ ညွှန်ကြားချက် စောင့်ပြီးမှ အရေးယူရသည် ဆိုသည်မှာ တည်ဆဲသီးခြားဥပဒေ ရှိပါသလား** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းဝင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ **လှိုင်းတာကျေးရွာရှိ အသုံးပြုခြင်း မရှိသည့် ဂုန်လျှော်ဂိုဒေါင်အား ကျေးရွာပိုင်အဖြစ် ဝယ်ယူနိုင်ရေး အတွက် ရောင်းချပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်၏ **သဲကုန်းမြို့ရှိ ရေထိန်းဆည် တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ် (ကိုယ်စား) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **ပဲမျိုးစုံစိုက်သော တောင်သူများ အတွက် စိုက်ပျိုးစရိတ် တစ်ဧက (၇၀၀၀ဝိ)အထိ တိုးမြှင့်၍ ချေးပေးနိုင်မှု ရှိ/မရှိနှင့် ယခင်နှစ်များက စိုက်ပျိုးစရိတ် မကျေခဲ့ပါက နောင်နှစ်သီးနှံချိန်ရောက်မှ ချေးငွေပေးဆပ်ခြင်းကို လက်ခံ ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်၏ **စာသင်ကျောင်းများတွင် မူလတန်းအရွယ်မှ စတင်၍ နိုင်ငံတာဝန်ထမ်းဆောင်နေကြ သူများ အပါအဝင် Good Citizens " မြန်မာနိုင်ငံသားကောင်း" အစီအစဉ်ကို နေ့စဉ်ရွတ်ဆိုပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးစိုင်းထွန်းဝင်း၊ တန့်ယန်း မဲဆန္ဒနယ်၏ **ဆရာ၊ ဆရာမ အခက်အခဲ အလွန်ဖြစ်နေသော ကျေးရွာကျောင်းများတွင် (၁၀)တန်းကျ လူထုခန့် ဆရာ၊ ဆရာမများအား အထွေထွေလုပ်သားအဖြစ် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စျ) ဦးဌေးလွင်၊ နမ့်စန် မဲဆန္ဒနယ်၏ **ပညာရေးဝန်ကြီးဌာန၏ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ပြန်လည်ဖြေကြားချက်များ အား ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ပါဝင်မှုမရှိခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **မင်းတန်း အထက်တန်းကျောင်းခွဲ မြစ်သာအ.ထ.ကခွဲနှင့် ပန်းညိုအ.လ.ကခွဲအတွက် ယခု စာသင်နှစ် အမီ ဖွင့်လှစ်၍ ကျောင်းဆရာများခန့်ထားပေးရန်နှင့် မြောင်မြို့နယ် အတွင်းရှိ သက်တမ်းကြာမြင့်စွာ ဖွင့်လှစ်ထားသော ကျောင်းများအား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက **" ၂၀၁၃ခုနှစ်၊ အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူ လူအများအား အချိန်မီ ဆေးကုနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၇။ **" ၂၀၁၃ခုနှစ်၊ အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူ လူအများအား အချိန်မီ ဆေးကုနိုင်ရေးအတွက် ကူညီစောင့်ရှောက် ပေးရေး ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။